# ကရင်ပြည်နယ်လွှတ်တော်

## ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်

# ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၃ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ။)
## ၁၃၇၄ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်
## (၂၀၁၃ခုနှစ်၊ မတ်လ ၂၉ ရက်)

စည်ပင်သာယာရေးအဖွဲ့များ၌ ကော်မတီများဖွဲ့စည်းရာတွင် တစ်ပြေးညီဖြစ်စေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါအခြေခံမူနှင့်ညီညွတ်မှုရှိစေရန် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေတွင်-

(က) ပုဒ်မ ၄ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၄။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် ကော်မတီကို အောက်ဖော်ပြပါ မြို့မိမြို့ဖ၊ အဖွဲ့အစည်း၊ ဌာနမှပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေး (သို့မဟုတ်)စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁)ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့မိမြို့ဖများမှကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (င) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဦးစီးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး" |

(ခ) ပုဒ်မ ၅ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၅။ ပုဒ်မ ၄(က) (ဃ)ပါ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ကိုရွေးချယ်ရာတွင် ကော်မတီတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိပြီး သက်ဆိုင်ရာစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများကြည်ညိုလေးစားသောသြဇာတိက္ကမ ရှိသည့် မြို့မိမြို့ဖများမှ အများသဘောဆန္ဒအရဖြစ်စေ၊ ဆန္ဒမဲပေးခြင်းဖြင့်ဖြစ်စေရွေးချယ်စေရမည်။"

(ဂ) ပုဒ်မ ၆ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၆။ ပုဒ်မ ၄ (ခ) (ဂ) ပါသက်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် ကော်မတီတာဝန် ထမ်းဆောင်ရန်ဆန္ဒရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းမှ ကြည့်ညိုလေးစားသူအား အဖွဲ့ဝင် အဖြစ်ရွေးချယ်ခြင်းပြုစေရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဇော်မင်း)

ပြည်နယ်ဝန်ကြီးချုပ်

ကရင်ပြည်နယ်အစိုးရအဖွဲ့